သတင်းထုတ်ပြန်ချက်

# ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာစစ်ကောင်စီအား လေယာဉ် လောင်စာဆီနှင့် လက်နက်ခဲယမ်း တင်ပို့ရောင်းချမှုများအား ပိတ်ဆို့အရေးယူခြင်းကို ချမှတ်ရန်

## မြန်မာစစ်ကောင်စီ၏ စစ်ဘေးရှောင် အရပ်သားပြည်သူများအား လေကြောင်းတိုက်ခိုက်မှုများအတွင်း ခံရသူများထဲတွင် ကလေးငယ်များပါဝင်နေ

(ဘန်ကောက်မြို့၊ အောက်တိုဘာလ ၂၄ ရက်၊ ၂၀၂၄ ခုနှစ်) — အရပ်သားပြည်သူများအပေါ် မဆင်မခြင်တိုက်ခိုက်နေမှုများ ဆက်လက်လုပ်ဆောင်ခြင်းမှ တားဆီးနိုင်ရန် မြန်မာစစ်ကောင်စီထံ လေယာဉ်လောင်စာဆီနှင့် စစ်လက်နက်များ ထောက်ပံ့မှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အလျင်အမြန် ပိတ်ဆို့အရေးယူသင့်ကြောင်း Fortify Rights မှ ယနေ့ ပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် မြန်မာစစ်ကောင်စီ၏ ဂျက်လေယာဉ်တစ်စီးက ကရင်နီနှင့်ရှမ်းပြည်နယ် နယ်စပ်ရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းဒုက္ခသည်စခန်းတစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကလေးခြောက်ဦး အပါအဝင် စစ်ဘေးရှောင် ၉ ဦး သေဆုံးခဲ့သည်။

“မြန်မာစစ်ကောင်စီဟာ ပြစ်ဒဏ်ခံရခြင်းလုံးဝမရှိဘဲ သူတို့ရဲ့ ဂျက်လေယာဉ်တွေနဲ့ အရပ်သားပြည်သူတွေအပေါ် ဆက်လက်တိုက်ခိုက်ဖိနှိပ်နေတာကို တစ်ကမ္ဘာလုံးက နှုတ်ဆိတ်ကာ ကြည့်နေဆဲပါပဲ” ဟု Fortify Rights မှ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ခံ ချစ်ဆိုင်းက ပြောသည်။ “စစ်ကောင်စီက ကလေးငယ်တွေ အပါအဝင် အပြစ်မဲ့ပြည်သူတွေကို လေကြောင်းကနေ ညှာတာမှုကင်းမဲ့စွာ သတ်ဖြတ် နေတာတွေကို ဆက်လက်လုပ်ဆောင်နေချိန်မှာ ကုလသမဂ္ဂအနေနဲ့ကတော့ ကြည့်နေဆဲ ဖြစ်ပါတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် စစ်အာဏာရှင်တို့၏ အကြမ်းဖက် အုပ်စိုးမှုကို ဆက်လက်တည်မြဲစေနိုင်တဲ့ လေယာဉ်လောင်စာဆီနဲ့ လက်နက်တင်သွင်း၊ စီးဆင်းမှုတွေကို ပိတ်ပင်ဖို့ ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်သလို လုပ်လည်း လုပ်ဆောင်သင့် ပါတယ်။”

စက်တင်ဘာလ ၅ ရက်နေ့၊ ညနေ ၉ နာရီ ၁၅ မိနစ်ခန့်က ဖယ်ခုံမြို့နယ်၊ လအိကျေးရွာအနီးရှိ ဘန်ကောက်စစ်ရှောင်စခန်းတွင် ခိုလှုံနေသော စစ်ဘေးဒုက္ခသည်များအပေါ်ကို မြန်မာစစ်ကောင်စီ လေတပ်၏ ဂျက်လေယာဉ်တစ်စီးမှ ဗုံးကြီးနှစ်လုံး ပစ်ချခဲ့သည်။ အဆိုပါ ဗုံးကျရောက်ပေါက်ကွဲမှုကြောင့် အသက် ၂ နှစ်မှ ၁၆ နှစ်ကြား ကလေးခြောက်ဦး အပါအဝင် ကိုးဦး သေဆုံးပြီး နောက်ထပ် စစ်ဘေးရှောင်

၁၉ ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုကြောင့် လူပေါင်း ၆၀၀ ကျော်နေထိုင်ရာ ၎င်းစခန်းအတွင်းရှိ စစ်ရှောင်တဲ ၄၉ လုံးနှင့် စာသင်ကျောင်းတစ်ကျောင်းတို့လည်း ပျက်စီးသွားခဲ့သည်။

Fortify Rights သည် လေယာဉ်ဗုံးကြဲတိုက်ခိုက်ခံရပြီးနောက် ပျက်စီးသွားသော စစ်ရှောင်စခန်း၏ စစ်ရှောင်တဲများ၊ လက်နက်ကြီးကျရာ စာသင်ကျောင်းနှင့် ဗုံးကျခဲ့သောနေရာများတွင် ကျန်ရှိသော ချိုင့်ခွက်အပျက်အစီးများ၊ ဗုံးကြဲခံရသော ဒုက္ခသည်များအတွက် စျာပန အခမ်းအနား ကျင်းပနေပုံများအား မိုဘိုင်းလ်ဖုန်းဖြင့် ရိုက်ကူးထားသည့် ဗီဒီယိုများနှင့် ဓာတ်ပုံများစွာကို လက်ခံရရှိကာ ပြန်လည်စိစစ် သုံးသပ်ခဲ့သည်။ Fortify Rights သည် လေကြောင်းတိုက်ခိုက်မှုအပါအဝင် ၎င်း၏ နောက်ဆက်တွဲအဖြစ်အပျက်များနှင့် ပတ်သက်၍ မျက်မြင်သက်သေ ၆ ဦးဖြစ်သည့် အသက်ရှင် ကျန်ရစ်သူ ၃ ဦး၊ ဆရာဝန်တစ်ဦးနှင့် ဒေသခံ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး လုပ်သား ၂ ဦးတို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။ Fortify Rights သည် ကရင်နီလူ့အခွင့်အရေးအဖွဲ့၊ စခန်းတွင်းနေထိုင်သူများနှင့်အတူ သတင်းအချက်အလက်များကို စုဆောင်းစစ်ဆေးခြင်းတို့အား နီးနီး ကပ်ကပ် အတူလက်တွဲပြီး လုပ်ဆောင်ခဲ့သည်။

Fortify Rights သည် အောက်တွင် မေးမြန်းဖော်ပြထားသော အသက်ရှင်ကျန်ရစ်သူများနှင့် မျက်မြင် သက်သေအားလုံး၏ အမည်များကို ၎င်းတို့၏လုံခြုံရေးအတွက် ပြောင်းလဲထားသည်။

စက်တင်ဘာလ ၅ ရက်နေ့တွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုအတွင်း ဇနီးနှင့် ၂ နှစ်အရွယ်သား နှစ်ဦးစလုံး ဆုံးရှုံးခဲ့သည့် ဘန်ကောက်စစ်ရှောင်စခန်းရှိ သင်္ချာဆရာဖြစ်သူ “အက္ခရာ”(အမည်လွှဲ) ၄၇ နှစ် မှ Fortify Rights အား တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည်။

> ည ၉ နာရီခန့်လောက်မှာ ကျွန်တော်တို့အိမ်ခေါင်မိုးပေါ်ကနေ ဂျက်လေယာဉ်တစ်စီး နိမ့်နိမ့်လေး ပျံသွားတယ်။ ကျွန်တော့်ဇနီးက ကျွန်တော့်ကို နှိုးတော့ ကျွန်တော်တို့ရဲ့ [တဲအောက်မှာရှိတဲ့] ဗုံးခိုကျင်းထဲကို ဝင်ခိုနေခဲ့ရတယ်။ ဗုံးခိုကျင်းထဲမှာ နေရာကကျဉ်းတာကြောင့် ကျွန်တော့်မိန်းမကို ကလေးတွေနဲ့ ကျင်းထဲမှာ သွားအိပ်ဖို့ ပြောပြီး ကျွန်တော်ကတော့ ကျင်းပေါ်မှာ အိပ်မယ်လို့ ပြောခဲ့တယ်။ ဂျက်လေယာဉ် လာတာကို ဒုတိယအကြိမ် ကြားလိုက်ရတယ်။ အဲ့အချိန်မှာပဲ ကျယ်လောင်တဲ့ ပေါက်ကွဲသံကို ကြားလိုက်ရတယ်။ ကျွန်တော် မြေကြီးပေါ် ဝပ်ချလိုက်တဲ့အချိန် မှာ ကျွန်တော့်အပေါ်က တဲလည်း ပျောက်သွားတော့တာပဲ။

အကၡရာသည် ၎င်းတို့၏ စစ်ရှောင်တဲအပျက်အစီးများထဲတွင် သေဆုံးသွားသော ဇနီးနှင့် သေလောက်တဲ့ ဒဏ်ရာရရှိသော သားဖြစ်သူကို တွေ့ရှိခဲ့ပုံကို Fortify Rights အား ပြောပြခဲ့သည်။

> ကျွန်တော့်ဇနီးကို မြေကြီးပေါ်မှာ မှောက်လျက်သား တွေ့ခဲ့ရတယ်။ ကျွန်တော် သူ့ကို နှိုးပေမယ့် ဘာတုံ့ပြန်မှုမှ မရှိတော့ဘူး။ ကျွန်တော် သူ့ခန္ဓာကိုယ်ကို ဆွဲလှည့်ကြည့်လိုက်တဲ့အချိန်မှာ သူ့မျက်နှာက ရစရာမရှိအောင်ပျက်စီးနေတာကို တွေ့လိုက်ရတယ်။ သူအသက်မရှိတော့တာကို သိလိုက်ရတဲ့အခါမှာ … ကျွန်တော် ဘာလုပ်ရမှန်းမသိတော့ဘူး၊ အဲ့ဒါနဲ့ ကျွန်တော့်သားကို လိုက်ရှာတော့ သူ့အမေ ရင်ဘတ်မှာ လွယ်ထားတဲ့ ကလေးချီ သိုင်းကြိုးထဲမှာ တွေ့လိုက်တယ်။ ကျွန်တော့်ဇနီးက သားကို တင်းတင်းကြပ်ကြပ် ကာကွယ်ရင်း ဖက်လျက်သားအနေအထား နဲ့ပေါ့။

"သားသား" (အမည်လွှဲ) ဆိုသူ အကၡရာ၏ ၂ နှစ်အရွယ် သားလေးသည် မိခင်၏လက်မှ ဆွဲထုတ်ယူချိန်တွင် အသက်ရှင်နေသေးသည်။ ကယ်ဆယ်ရေးယာဉ်တစ်စီးက အကၡရာနှင့် သားသားကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

> အဲ့တုန်းက ကျွန်တော့်ဖုန်း ပျက်သွားတာကြောင့် ဆေးရုံက နာရီကို ကြည့်လိုက်တော့ ည ၁၀ နာရီကျော်ပဲရှိသေးတာကို သေချာသတိထားမိလိုက်တယ်။ အဲဒီက ဆရာဝန်က ကျွန်တော့်သားနဲ့ ဇနီးရဲ့ အကြောင်းတွေကို မေးတယ်။ ကျွန်တော်လည်း ကျွန်တော့်မိန်းမ ဆုံးသွားပြီလို့ ပြောပြလိုက်တယ်။ ကျွန်တော့်သားအခြေအနေကို မေးကြည့်တော့ ကလေးက အသက်ရှင် နိုင်ခြေနည်းတယ်လို့ ပြောတယ်။ ဖုံးကျည်အစက သားရဲ့ ဦးနှောက်ထဲမှာ စိုက်ဝင်နေတယ်လို့ ပြောတယ်။

Fortify Rights က သားသားကို ကယ်တင်ရန် ကြိုးစားသည့် ဆေးအဖွဲ့တွင် ပါဝင်ခဲ့သူ "ဒေါက်တာလှ" (အမည်လွှဲ) နှင့် စကားပြောဆိုခဲ့ရာ -

> ကလေးရဲ့ အသက်မဆုံးခင် ၁၀ မိနစ်ကနေ ၁၅ မိနစ်လောက်အတွင်းမှာ ကုသပေးခဲ့ပါတယ်။ … သူဆေးရုံကိုရောက်တဲ့အခါ ကလေးက ရှော့ခ်ရနေတော့ ကျွန်မတို့ ကလေးကို ဆေးထိုးဖို့ သွေးကြောရှာရတာလည်း ခက်ခဲခဲ့တယ်။ သူ့ရဲ့ သွေးကြောတွေက တော်တော်ပျောက်နေပြီး ဦးနှောက်ထဲမှာ သွေးတွေ အများကြီးထွက်နေတယ်။ ကျွန်မတို့ သူ့အသက်ကို မကယ်နိုင်ခဲ့ဘူး။

စစ်ဘေးရှောင်စခန်း တည်နေရာနှင့် ပတ်သက်၍ ဒေါက်တာလှက ရှေ့တန်းနှင့် တိုက်ပွဲဖြစ်သည့် နေရာများက ဝေးကွာသည်ဟု မှတ်ချက်ချပြီး “သတင်းဆိုးကတော့ စစ်ရှောင်စခန်းက ရှေ့တန်းမှာ မရှိတဲ့အတွက် သူတို့မှာ ကြိုတင်ပြင်ဆင်ထားတဲ့ ဆေးရုံ၊ ဆေးခန်း၊ ဆေးဘက်ဆိုင်ရာ အထောက်အပံ့ ပစ္စည်း သို့မဟုတ် အရေးပေါ်ဆေးဝါးများရှိမနေတာပါပဲ” ဟု ပြောကြားခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးလုပ်သား ဖြစ်သည့် "ဂျူနီယာ နိုင်းနိုင်း” (အမည်လွှဲ) အသက် ၂၀ သည် လေကြောင်းတိုက်ခိုက်မှု၏ ညတွင် အကွခ်ရာ၏ နေထိုင်ရာ နေရာသို့ ပထမဆုံးရောက်ရှိ လာသူဖြစ်သည်။ သူက Fortify Rights ကိုပြောကြားသည်မှာ -

> အကွခ်ရာရဲ့ ၂ နှစ်အရွယ်သားလေးကို သူ့အမေက တင်းတင်းကြပ်ကြပ် ဖက်တွယ်ထားတော့ ကယ်ဆယ်ရန် ခက်ခဲခဲ့တယ်။ ကလေးကို ကယ်ဖို့ သူ့အမေရဲ့ အဝတ်အစားတွေကို ညှပ်ထုတ် လိုက်ရတယ်။ … စစ်ကောင်စီက လေကြောင်း တိုက်ခိုက်မှု နှစ်ကြိမ် ဆက်တိုက် လုပ်တတ်တဲ့ အကျင့်ရှိတာမို့ လုံခြုံတဲ့နေရာကို အမြန်ရွှေ့ပြောင်းခဲ့ရတယ်။

Fortify Rights သည် စက်တင်ဘာလ ၅ ရက်နေ့က လေကြောင်းတိုက်ခိုက်မှုဖြစ်စဥ်အတွင်း စစ်ရှောင်တဲ နောက်တစ်တဲအပေါ်တွင် ဗုံးကျမှုကြောင့် မိသားစုတစ်စုလုံး သေဆုံးခဲ့ရသည့်အကြောင်းကို ဘန်ကောက် စစ်ရှောင်စခန်းရှိ ကျောင်းတာဝန်ခံ ဆရာမတစ်ဦးဖြစ်သည့် “အားမူ” (အမည်လွှဲ) အသက် ၅၂ နှစ်နှင့် မေးမြန်းခဲ့ပါသည်။

> ည ၉ နာရီလောက်မှာ လေယာဉ်တစ်စီး လာတာကို ကြားလိုက်ရတယ်။ … ၁၀ မိနစ်၊ ၁၅ မိနစ်လောက်ကြာတော့ ဗုံးတွေ စကြဲတယ်။ … ဒီတစ်ခါတော့ ဗုံးတွေထဲမှာ တစ်လုံးက စခန်းထဲကို ကျရောက်ခဲ့ပြီး နောက်တစ်လုံးကတော့ စခန်းရဲ့ မီတာ ၂၀ ခန့်အကွာ ဘောလုံးကွင်း ကို ထိမှန်ခဲ့သည်။ … စခန်းတွင်းကျတဲ့ ဗုံးက မိသားစုတစ်စု၏ ဗုံးခိုကျင်းထဲကို တိုက်ရိုက် ကျသွားပြီး ကျင်းထဲမှာ ခိုလှုံနေတဲ့ မိသားစုဝင် ၆ ဦးစလုံး ပွဲချင်းပြီး သေဆုံးသွားတယ်။

စခန်းကော်မတီဝင်တစ်ဦးဖြစ်သည့် “ဒိုးရာ” (အမည်လွှဲ) အသက် ၄၉ မှ ဗုံးကျဲသည့်နေရာကို အပြေး အလွှားသွား ပြီးနောက် မြင်တွေ့ခဲ့ရသည့် ဗုံးကျဲခံရသော စစ်ရှောင်တဲနောက်တစ်တဲ၏ အခင်းအကျင်းကို ပြောပြခဲ့သည်။

ဗုံးကျတဲ့နေရာနဲ့ ကျွန်တော့်အိမ်က နှစ်အိမ်လောက်ဝေးတယ်။ ပေ ၃၀ လောက်ပေါ့။ … ဗုံးကျပြီးနောက် လူတွေ အော်ဟစ်နေတဲ့ နေရာကို ကျွန်တော်ပြေးသွားခဲ့တယ်။ … ဗုံးက ဗုံးခိုကျင်းထဲကို ကွက်တိကျတော့ မိသားစု တစ်ခုလုံး သေဆုံးခဲ့ပါတယ်။ သူတို့အိမ် ဘာမှ မကျန်တော့ဘူး။ … ညည်းသံအချို့ကြားရတော့ သစ်ကိုင်းတွေနဲ့ မြေကြီးတွေကို ဖယ်ရှားပြီး လူတွေ ဆွဲထုတ်ဖို့ ကြိုးစားခဲ့တယ်။ … ဒါပေမယ့် ထိခိုက်မိတဲ့ မိသားစုရဲ့ ကျန်ရစ်တဲ့ရုပ်အလောင်းနဲ့ အစအနတွေဟာ နေရာအနှံ့ ပြန့်ကျဲနေတာကြောင့် ဆွဲထုတ်ဖို့ အရမ်းခက်ခဲပါတယ်။

အားမူက စခန်းတည်နေရာနှင့် ထိုဒေသတွင် တိုက်ပွဲဝင်တဲ့ တော်လှန်ရေးတပ်သားတွေ မရှိကြောင်း ပြောကြားခဲ့ပါသည်။

ဘန်ကောက်စစ်ရှောင်စခန်းနားမှာ လက်နက်ကိုင် တော်လှန်ရေးတပ်သားတွေ မရှိပါဘူး။ … ကျွန်မတို့ စခန်းထဲမှာလည်း ပြည်သူ့ကာကွယ်ရေးတပ် သို့မဟုတ် ခုခံတိုက်ခိုက်ရေးသမားများ (PDF) တွေလည်းမရှိပါဘူး။ ဒါပေမဲ့ တစ်ခါတလေ သူတို့ရဲ့ ထိန်းချုပ်နယ်မြေဖြစ်တဲ့ အတွက် စခန်းကို လာလည်တာတွေတော့ရှိတယ်။ … ကျွန်မတို့က သူတို့လာမယ်ဆိုရင် စခန်းထဲကို ဝင်လာတဲ့အခါတိုင်း ယူနီဖောင်းမဝတ်လာဖို့၊ ဒါမှမဟုတ် သေနတ်တွေ မယူဆောင်ဖို့ ပြောထားပါတယ်။

ပထမဆုံး လေကြောင်းတိုက်ခိုက်မှု အတွေ့အကြုံတွင် ဇနီးနှင့်သား ဆုံးရှုံးခဲ့သူ အကျွရာသည်လည်း Fortify Rights သို့ ယခုလိုပြောကြားခဲ့သည်။

အခု ကျွန်တော်တို့ နေတဲ့ စစ်ရှောင်စခန်းဆိုရင် စစ်ရှောင်နေတဲ့ အားကိုးရာမဲ့တဲ့သူတွေ၊ တကယ်ကို ဒုက္ခရောက်နေတဲ့သူတွေနေတယ်။ အဲ့စစ်သားတွေထဲက တစ်ယောက်လောက်ပဲ သေနတ်တစ်လက်နဲ့လာရင်တောင် တုန့်ပြန်နိုင်တဲ့သူတွေ မရှိပါဘူး။ လေယာဉ်ပျံနဲ့ကြဲဖို့တောင် မလိုပါဘူး။ သူတို့ ရက်ရက်စက်စက် လွယ်လွယ်ကူကူ ချလိုက်တဲ့ တစ်ကြိမ်လေးဟာ အပြစ်မဲ့ပြည်သူ ၉ ယောက် အသက်တွေပေးဆပ်လိုက်ရတယ်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အတွင်း မြန်မာစစ်ကောင်စီသည် ကလေး ၃၃၄ ဦးအပါအဝင် အရပ်သား ၂,၄၁၄ ဦးထက်မနည်း ရက်စက်စွာ

သတ်ဖြတ်ခဲ့သည်။ ထိုကာလအတွင်းမှာပင် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သား ၆၁၃ ဦး သေဆုံးခဲ့ပြီး လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများကြောင့် အရပ်သား ၆၃၇ ဦးထက်မနည်း သေဆုံးခဲ့ရာ၊ ယခင် ၅ လကြာအတွင်း ပေးပို့သော သတင်းအချက်အလက်များအရ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှု ၇၆၃ ရာခိုင်နှုန်း တိုးလာကာ အမြောက်ဖြင့် တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှု ၂၃၈ ရာခိုင်နှုန်း တိုးလာကြောင်း OHCHR မှ မှတ်ချက်ပြုခဲ့သည်။

“မြန်မာစစ်ကောင်စီ၏သတ်ဖြတ်မှုကြောင့် ၂နှစ်သားအရွယ် သားသားသေဆုံးမှုဖြစ်စဥ်အပါအဝင် အခြား ထောင်နှင့်ချီသော အရပ်သားများ သေဆုံးမှုတွေဟာ မြန်မာနိုင်ငံအတွင်း နေ့စဉ်ဖြစ်ပေါ်နေတဲ့ ရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှုတွေကို ရင်ဆိုင်ဖြေရှင်းရန် ပျက်ကွက်နေခြင်းဟာ ကမ္ဘာ့နိုင်ငံများအပေါ် စုပေါင်းဖြစ်ပေါ်နေသော အစွန်းအထင်းတစ်ခုပါပဲ” ဟု ချစ်ဆိုင်းက ပြောသည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (စစ်ရေးဆိုင်ရာ ဥပဒေဟုလည်းသိကြသော) နိုင်ငံတကာတိုက်ပွဲမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသည့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ အခြေအနေများနှင့်လည်း အကျုံးဝင်ပါသည်။ အထူးသဖြင့် ဂျီနီဗာသဘောတူညီချက်များသည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုကို ထိန်းညှိပေးသည့် အခြေခံစည်းမျဥ်းများကို ချမှတ်ပြီး စစ်ရေးဆိုင်ရာ ဥပဒေ အတွက် အရင်းခံအခြေခံကို ပံ့ပိုးပေးပါ သည်။ ဂျီနီဗာသဘောတူညီချက်များ၏ ဘုံအပိုဒ် ၃ သည် နိုင်ငံတကာတိုက်ပွဲမဟုတ်သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအတွင်းတွင် အရပ်သားများကို ကာကွယ်ပေးထားသည်။

တိုက်ပွဲတွင်း ပါဝင် တိုက်ခိုက်ခြင်း မရှိသူများအနေဖြင့် ... မည်သည့်အခြေအနေ မျိုးတွင်မဆို လူမျိုး၊ အသားအရောင်၊ ကိုးကွယ်ယုံကြည်မှု သို့မဟုတ် ယုံကြည်မှု၊ လိင်၊ မွေးရာပါ သို့မဟုတ် ကြွယ်ဝချမ်းသာမှု သို့မဟုတ် အခြားအလားတူ စံနှုန်းများပေါ်တွင် အခြေခံသည့် ဆိုးရွားသော ခွဲခြားမှုမရှိဘဲ လူသားဆန်စွာ ဆက်ဆံခံရမည်ဖြစ်သည်။

စစ်ရေးဆိုင်ရာ ဥပဒေအရ ပဋိပက္ခတွင်ပါဝင်သည့် ပါတီအဖွဲ့များသည် တစ်ဖက်တွင် အရပ်သားများနှင့် စစ်ဘက်ဆိုင်ရာရည်ရွယ်ချက်အတွက် အသုံးမပြုသော အိမ်များနှင့် စာသင်ကျောင်းများကဲ့သို့သော အရပ်သားများနှင့် "အရပ်သားဆိုင်ရာ အရာဝတ္ထုများ" ကို ခွဲခြားသိရှိရန် လိုအပ်ပြီး၊ တိုက်ပွဲဝင်သူများ၊ "စစ်ရေး ဆိုင်ရာအရာဝတ္ထုများ" သည် အရပ်သားများနှင့် "အရပ်သားဆိုင်ရာ အရာဝတ္ထုများ" ကို

ပစ်မှတ်ထားသည့် တိုက်ရိုက်တိုက်ခိုက်မှုများနှင့် ရောထွေး တိုက်ခိုက်မှုနှစ်ခုလုံးကို စစ်ရေးဆိုင်ရာ ဥပဒေဖြင့် ရှင်းရှင်းလင်းလင်း တားမြစ်ထားသည်။

စစ်ဘေးရှောင်အရပ်သား ကိုးဦး သေဆုံးပြီး အရပ်သား နေအိမ်များနှင့် အခြေခံ အဆောက်အအုံများ ဖျက်ဆီးခံရသည့် ဘန်ကောက်စစ်ရှောင်စခန်းအား စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုသည် တရားဝင် စစ်ဘက်ဆိုင်ရာရည်ရွယ်ချက်များနှင့် သက်ဆိုင်မှု လုံးဝမရှိပေ။ ဤတိုက်ခိုက်မှုသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို ဆိုးရွားစွာ ချိုးဖောက်နေခြင်းကို ထင်ပေါ်နေသည်ဟု Fortify Rights မှ ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် Fortify Rights သည် မြန်မာစစ်ကောင်စီမှ အရပ်သားများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ပုံ၊ လူသားဒိုင်းများကို အသုံးပြုခဲ့ပုံနှင့် စစ်ရာဇဝတ်မှုများနှင့် အခြားသော ရက်စက်ကြမ်းကြုတ်မှုများကို ကရင်နီပြည်နယ်တွင် ကျူးလွန်ခဲ့ကြောင်း မှတ်တမ်းတစ်ခု ထုတ်ပြန်ခဲ့သည်။

အမေရိကန်အပါအဝင် အစိုးရတစ်ခုချင်းစီသည် မြန်မာစစ်ကောင်စီထံ လေယာဉ်လောင်စာများ ရောင်းချမှုနှင့် ထောက်ပံ့မှုတို့ကို ပစ်မှတ်ထား၍ ပိတ်ဆို့အရေးယူမှုများ ချမှတ်ထားသည်။ ယင်းကြိုးပမ်းမှုများကြားမှပင် စစ်ကောင်စီသည် ၎င်း၏လေတပ်အား အရပ်သားပြည်သူများကို သတ်ဖြတ်ရန်နှင့် ဒဏ်ရာရစေရန် အသုံးပြုနေသည့် လေကြောင်းလောင်စာဆီ ပုံမှန်ထောက်ပံ့မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်နေသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြန်မာစစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ရှုတ်ချသည့် သမိုင်းဝင်ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်တွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ကာ အာဏာသိမ်းပြီးနောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ၊အိုးအိမ်စွန့်ခွာကာ စစ်ရှောင်ကြသူများ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးများနှင့် အကူအညီမဲ့သူများ များပြားလာကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ တိုးပွားလာသဖြင့် အလွန်စိုးရိမ်ကြောင်း ဖော်ပြခဲ့သည်။ ယင်းသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း လုံခြုံရေးကောင်စီ အနေဖြင့် မြန်မာနိုင်ငံအပေါ် ပထမဆုံးသော ချမှတ်

သည့် ဆုံးဖြတ်ချက်ဖြစ်ပြီး အရေးပါသော်ငြားလည်း ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်တွေ့လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် စစ်အာဏာသိမ်းမှု၊ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုများနှင့် ဒုက္ခသည် အကျပ်အတည်းများက နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို လုံလောက်စွာ ခြိမ်းခြောက်နိုင်နေကြောင်းကို ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ အခန်း (၇)အရ ၎င်း၏အခွင့်အာဏာကို မှီငြမ်းအသုံးပြုနိုင်သည်ကို တရားဝင် အသိအမှတ်ပြုထားပါသည်။ အခန်း (၇) အရ လုံခြုံရေးကောင်စီသည် မြန်မာစစ်ကောင်စီထံ လေယာဉ်လောင်စာဆီရောင်းချခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းကို  ကမ္ဘာလုံးဆိုင်ရာ ပိတ်ဆို့အရေးယူမှုအား ပြဋ္ဌာန်းရန် တရားဝင် အခွင့်အာဏာရှိသည်။ ၁၉၆၆ ခုနှစ်ကတည်းက လုံခြုံရေးကောင်စီသည် အခန်း (၇) အောက်တွင် ပိတ်ဆို့အရေးယူမှု စနစ် ၃၁ ခုကို ထူထောင်ခဲ့ပြီး အများစုမှာ ကောင်စီသည် လူ့အခွင့်အရေးကို ကာကွယ်ရန် ထူထောင်ထားသည်။

လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေးအတွက် "penholder" တစ်ဦး ဖြစ်သလို လာမည့် ဥက္ကဋ္ဌအနေဖြင့် တာဝန်ယူမည့် ဗြိတိန်နိုင်ငံ (the U.K.) သည် မြန်မာစစ်ကောင်စီအပေါ် လေယာဉ်လောင်စာဆီတင်သွင်းမှုပိတ်ဆို့ရေး ဆုံးဖြတ်ချက်ကို ချမှတ်သင့်သည်ဟု Fortify Rights က ယနေ့ ပြောကြားခဲ့သည်။

စစ်ကောင်စီရဲ့ ဂျက်လေယာဉ်များကို ရေရှည်ရပ်တန့်နိုင်လျှင် မြေပြင်မှာ မလိုအပ်တဲ့ သေဆုံးမှုတွေ တားဆီးနိုင်မှာဖြစ်ပြီး၊ မြန်မာနိုင်ငံနဲ့ ပြည်သူတွေရဲ့အကျပ်အတည်းကို အဆုံးသတ်နိုင်သွားမှာပါ" ဟု ချစ်ဆိုင်းက ဆိုသည်။ "စစ်ကောင်စီရဲ့စစ်ဗျူဟာမြောက် ပင်မအသက်သွေးကြောဖြစ်တဲ့ ပြည်ပကနေ တင်သွင်းလာသော လေယာဉ်လောင်စာဆီတွေအပေါ် မှီခိုအားထားနေရခြင်းကို အခုချက်ချင်းလုံးဝ ပိတ်ပင်ပစ်ရမှာ ဖြစ်ပါတယ်။"

----

## ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -

**Chit Seng**, Human Rights Associate, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ
+66 65 518 7335 (WhatsApp; Signal)
အီးမေးလ် - Chit.Seng@FortifyRights.org
တွစ်တာ/X - @sengchit, @FortifyRights

**Sai Arkar**, Human Rights Associate, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ
+17 169 195 899 (Signal)
အီးမေးလ် - Sai.Arkar@FortifyRights.org
တွစ်တာ/X: @FortifyRights

**Patrick Phongsathorn**, Senior Advocacy Specialist, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ ထိုင်း
+66 94 696 8477 (Signal)
အီးမေးလ် - Patrick.Phongsathorn@FortifyRights.org
တွစ်တာ/X - @Patrick_Phongsa, @FortifyRights